## ၄။ သကြားမုန်လာငမြောင်တောင်

**Beet Armyworm : *Spodoptera Exigua* (Hübner, 1808)**

**Lepidoptera: Noctuidae**

## ဖျက်ကောင်ပုံသဏ္ဍာန်




လောက်ကောင်သည် ဘေးတစ်ဖက်တစ်ချက်စီတွင် ကျယ်ပြန့်သော အဝါရောင် အစင်းများနှင့် အတူ မှိန်ပြပြအစိမ်းရောင်ရှိပြီး အောက်ဖက်တွင်သိသာစွာ အရောင် မှိန်သည်။

## ဖျက်ဆီးပုံလက္ခဏာများ



အသီး၏အပြင်ပိုင်းကိုစားသောက်ကြပြီး တိမ်သောအချိုင့်ဒါဏ်ရာများကို ဖြစ်ပေါ် စေသည်။ တစ်ခါတစ်ရံတွင် အပေါက်များသည် အသီးအတွင်းသို့ ပိုမိုနက်ရှိုင်းနိုင်သည်။ ဖျက်ပိုးများစွာကို တွေ့ရှိမှသာ ပျက်ဆီးမှုဆိုးဝါးတတ်ပါသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | – (၅-၇) ရက် |
| လောက်ကောင်အဆင့် | **– (၉-၁၀)** ရက် |
| ရုပ်ဖုံး အဆင့် | **– (၆-၇)** ရက် |
| အကောင်ကြီးအဆင့် | **– (၄-၁၀)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပင်စိမ်းပင်များအား စိုက်ခင်းပတ်လည်တွင်စိုက်ပျိုးပါ။

(၂)လောက်ကောင်များအား လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၃)ဘဲလွှတ်ကျောင်းပါ။

(၄)အလင်းရောင်ထောင်ချောက်တပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၅)ညနေစောင်းတွင်ထိသေ၊စားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း အ တိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-cyhalothrin)
- အဆီဖိတ်(Acephate)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)